# နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ် အမိန့်

မိဘများအတွက် သိကောင်းစရာ အချက်အလက်များ

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် ဆိုသည်မှာ နောက်ထပ်ရုံးချိန်းနေ့အထိ သင့်ကလေး မည်သည့်နေရာတွင် နေကိုနေရမည်ဟု Children's Court မှ ထုတ်ပြန်သော အမိန့်ကို ဆိုလိုပါသည်။ သင့်ကလေး၏ ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခနှင့် ပတ်သက်၍ ဖြေရှင်းရန်လိုအပ်သည့် ပြဿနာအချို့ ရှိကြောင်း Children's Court ၏ တရားသူကြီးက ယုံကြည်သည့်အခါတွင် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်ကို ထုတ်ပြန်ပါသည်။

Department of Health and Human Services (ဌာန) မှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ (ဝန်ထမ်း) သည် ထို စိတ်ပူပန်စရာ အကြောင်းအရာများကို ဖြေရှင်းရေးအတွက် အစီအစဉ်များ ဖေါ်ထုတ်ရန် သင်နှင့် သင့်ကလေးတို့နှင့် တွဲ၍ လုပ်ဆောင်မည်ဖြစ်ပါသည်။

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် ကာလ ပြီးဆုံးသည့်အခါ သင်သည် ဝန်ထမ်းနှင့်အတူ တရားရုံးသို့ ပြန်သွားရမည် ဖြစ်သည်။ တရားသူကြီးက သင့်ကလေး၏ ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခ ရရှိရန် သေချာစေမည့် အကောင်းဆုံးနည်းလမ်းအတွက် နောက်ဆုံး အတည်ဖြစ်သော အမိန့်ကိုချမှတ်ပါလိမ့်မည်။

## နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်သည် မည်မျှ ကြာ ကာလအတွက် ဖြစ်သနည်း။

အကယ်၍ သင့်ကလေးသည် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်အရ သင်နှင့်အတူ နေထိုင်လျှင် ထိုအမိန့်သည် နောက်ထပ်ရုံးချိန်းနေ့အထိ အတည်ဖြစ်သည်။ အကယ်၍ သင့်ကလေးသည် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်အရ အိမ်နှင့်ဝေးရာတွင် နေထိုင်ပါက ထိုအမိန့်သည် နောက်ထပ်ရုံးချိန်းနေ့အထိ ဖြစ်နိုင်သည်၊ သို့မဟုတ် အကယ်၍ တရားရုံးက သင့်ကလေး၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဖြစ်သည်ဟု ကျေနပ်လက်ခံလျှင်  ရက် ထပ်၍တိုးနိုင်သည်။

အကယ်၍ တရားရုံးအမိန့် ထုတ်ပြန်ရသည့် အရင်းခံပြဿနာများ ဆက်လက်ရှိနေပြီး၊ နောက်ဆုံးအတည်ဖြစ်သော အမိန့်ကိုလည်း မချမှတ်ရသေးလျှင် အကယ်၍ တရားရုံးက သင့်ကလေး၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဤသို့လုပ်ရန် လိုအပ်သည်ဟု သုံးသပ်မည့်အပြင် နောက်ဆုံးအတည်ဖြစ်သော ကာကွယ်စောင့်ရှောက်မှု ပေးရေးဆိုင်ရာ အမိန့်ကိုလည်း ချမှတ်ခြင်း မပြုနိုင်သေး ဟု လက်ခံယုံကြည်လျှင် တရားရုံးသည် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်ကို ရက်ထပ်တိုးနိုင်ဖွယ်ရှိသည်။

## ကျွန်ုပ် ဘာတွေလုပ်ရန် လိုအပ်သနည်း။

Children's Court က နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်တွင် သင်နှင့် သင့်ကလေးတို့ လိုက်နာရမည့် သတ်မှတ်ချက်များကို ထည့်နိုင်ပါသည်။ ထို လိုက်နာရမည့် သတ်မှတ်ချက်များတွင် သင်နှင့် သင့်ကလေးသည် -

- ဆွေးနွေးအကြံပေးခြင်းကို တက်ရောက်ရန်
- ကျန်းမာရေးဆိုင်ရာ သို့မဟုတ် မူးယစ်ဆေးဝါးဆိုင်ရာ ကုသမှု၊ သို့မဟုတ် စစ်ဆေးမှုဆိုင်ရာ ရက်ချိန်းများကို တက်ရောက်ရန်
- ဝန်ထမ်းလာရောက်သည်ကို လက်ခံတွေ့ဆုံခြင်း
- သင့်ကလေးအတွက် ဝန်ထမ်းက အစီအစဉ်များပြုလုပ်သည်ကို အကူအညီ ပေးခြင်း
- ကျောင်းတက်ခြင်း
- မိမိတို့ အချင်းချင်း သို့မဟုတ် သင့်ကလေးဘဝတွင် အရေးကြီးသော အခြားသူများနှင့် အဆက်အသွယ်ထားရှိခြင်း တို့ ပါဝင်နိုင်ပါသည်။

တရားရုံးအမိန့် ထုတ်ပြန်ရသည့် အရင်းခံပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် သင်သည် ဝန်ထမ်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါသည်။

## ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူက ဘာအလုပ် လုပ်သနည်း။

ဝန်ထမ်းသည် တရားရုံးအမိန့်ကို လိုက်နာမှု ရှိ၊မရှိ စောင့်ကြပ်ကြည့်ရှုရန် တာဝန်ရှိသည်။ သင်ကလေး၏ အနာဂတ်အတွက် အစီအစဉ်များပြုလုပ်ရာတွင် အကူအညီပေးရန် ဝန်ထမ်း ရှိနေခြင်းဖြစ်ပါသည်။ သင့်ကလေး၏ ဘေးကင်းလုံခြုံမှုနှင့် ကောင်းကျိုးသုခအား ထိခိုက်နေသည့် ပြဿနာများကို ဖြေရှင်းရန် သင်၊ သင့်ကလေး၊ နှင့် အခြားသူများနှင့် ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။ ဝန်ထမ်းက သင့်ကလေးအား ဘေးအန္တရာယ်မှ ကာကွယ်ပေးခြင်း၊ သင့်ကလေး ရသင့်သည့် ရပိုင်ခွင့် အခွင့်အရေးများ ရစေခြင်းနှင့် သူ၏ ဖွံ့ဖြိုး တိုးတက်မှု (သူ၏ အကောင်းဆုံး အကျိုးစီးပွား) ကို အားပေးပံ့ပိုးပေးခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရပြီး ယင်းတို့ကို အကောင်အထည်ဖေါ် ဆောင်ရွက်ရသည်။

## ကြားဖြတ်အမိန့် ပြီးဆုံးချိန်တွင် ဘာဖြစ်မည်နည်း။

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်၏ သက်တမ်းကာလ ကုန်ဆုံးသည့်အခါ တရားသူကြီးက သင့်ကလေး၏ အကောင်းဆုံးအကျိုးစီးပွားအလို့ငှာ အပြီးသတ် နောက်ဆုံးအမိန့်ကို ချမှတ်ခြင်းကို နာခံရန် (သင်နှင့် ဝန်ထမ်းတို့သည်) တရားရုံးသို့ သွားကြရမည် ဖြစ်သည်။ (အကယ်၍ သင့်ရှေ့နေက သွားရန် မလိုအပ်ဟု မပြောခဲ့လျှင်) သင်သည် ထိုနေ့တွင် တရားရုံးသို့ သွားရန် လိုပါသည်။

ဝန်ထမ်းက တရားသူကြီးထံ မည်သည့်အကြောင်းများကြောင့် သင့်ကလေးသည် ကာကွယ်စောင့်ရှောက်မှု ရရန် လိုအပ်နေကြောင်းနှင့် သင့်ကလေး၏ အကောင်းဆုံး အကျိုးစီးပွားအတွက် မည်သည့်အမိန့်မျိုးသည် သင့်တော်မည်ဖြစ်ကြောင်း အစီရင်ခံစာ ရေးသားတင်ပြပါလိမ့်မည်။ ဝန်ထမ်းသည် တရားရုံးမတက်မီ ထိုအစီရင်ခံစာအကြောင်း သင်နှင့် သင့်ကလေးတို့ကို ပြောပြပါလိမ့်မည်။ အစီရင်ခံစာထဲတွင် သင်တို့ ဆွေးနွေးခဲ့ကြသည့် အချက်အလက်များ အားလုံး ပါဝင်နိုင်ပါသည်။

အကယ်၍ သင်က ဝန်ထမ်းဖြစ်သူ၏ အစီရင်ခံစာထဲတွင် တင်ပြထားသည်များကို သဘောမတူပါက ဝန်ထမ်းကို ပြောပြသင့်ပါသည်။ သင် အစီရင်ခံစာကို သဘောမတူကြောင်း သင့်ရှေ့နေ (အကယ်၍ သင့်မှာ ရှိပါက) အား တရားရုံးကို တင်ပြခိုင်းပါ။ အကယ်၍ သင့်အတွက် ကိုယ်စားပြုပေးသူ (ရှေ့နေ) မရှိပါက သင့်အမြင်များကို သင်ကိုယ်တိုင် တရားရုံးကို လျှောက်ထား တင်ပြနိုင်ပါသည်။

## နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်ကို ပြောင်းနိုင်ပါသလား။

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် အကျိုးသက်ရောက်မှုရှိသော ကာလအတွင်း မည်သည့်အချိန်၌မဆို သင်၊ သင့်ကလေး၊ သို့မဟုတ် ဝန်ထမ်းအနေနှင့် အခြေအနေမှာ ပြောင်းလဲသွားပြီဖြစ်ပြီး သင့်ကလေး၏ အကောင်းဆုံး အကျိုးစီးပွားအလို့ငှာ အမိန့်တွင်ပါသော လိုက်နာရမည့် သတ်မှတ်ချက်များကိုလည်း ပြောင်းလဲသင့်ကြောင်း ယူဆနိုင်ဖွယ်ရှိပါသည်။ ယင်းနှင့် ပတ်သက်သော အပြီးသတ် နောက်ဆုံးအမိန့်ကို တရားသူကြီးက ချမှတ်လိမ့်မည် ဖြစ်သည်။

## လိုက်နာရမည့် သတ်မှတ်ချက်များကို မလိုက်နာပါက ဘာဖြစ်မည်နည်း။

နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် အကျိုးသက်ရောက်မှုရှိသော ကာလအတွင်း အကယ်၍ ဝန်ထမ်းက သင့်ကလေးသည် ဘေးကင်းလုံခြုံမှု မရှိဟု ယူဆလျှင်ဖြစ်စေ၊ သို့မဟုတ် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်တွင် ပါသော သတ်မှတ်ချက်များကို လိုက်နာမှု မရှိဟု ယူဆလျှင်ဖြစ်စေ သူသည် အမိန့်ကို ရပ်ဆိုင်းစေမည်၊ သို့မဟုတ် နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့် အသစ်တစ်ခု ချမှတ်ပါရန် တရားရုံးသို့ လျှောက်ထားမည် ဖြစ်သည်။ အဓိပ္ပါယ်မှာ အမှုအတွက် ဆုံးဖြတ်ချက် နောက်ထပ်တစ်ခု ချမှတ်ရေးအတွက် တရားရုံးသို့ ပြန်တက်ရမည်ဟု ဆိုလိုပါသည်။ အကယ်၍ သင့်ကလေးသည် သူ နေထိုင်ရာနေရာတွင် ဒုက္ခရောက်နိုင်သည့် အန္တရာယ် ရှိနေပါက တရားရုံးမှ ဆုံးဖြတ်ချက်မချသေးမီ ကာလအတွင်း သင့်ကလေးကို အခြားတစ်နေရာတွင် ထားရမည်ဖြစ်သည်။

## ကျွန်ုပ်က နေရာထိုင်ခင်းဆိုင်ရာ ကြားဖြတ်အမိန့်ကို အယူခံဝင်ခွင့် ရှိပါသလား။

အကယ်၍ ထိုအမိန့်သည် တရားမျှတမှု မရှိဟု သင် ထင်မြင်ယူဆပါက သင့်အနေနှင့် သင့် ရှေ့နေ သို့မဟုတ် တရားရုံးကို အယူခံဝင်ခြင်းနှင့် ပတ်သက်ပြီး မေးမြန်းနိုင်ပါသည်။ သူတို့က သင် အယူခံဝင်ခွင့် ရှိ၊မရှိ ပြောပြနိုင်ပါလိမ့်မည်။

## ကျွန်ုပ်သည် တရားဥပဒေဆိုင်ရာ အကြံဉာဏ်ကို မည်သည့်နေရာမှာ ရနိုင်မည်နည်း။

တရားဥပဒေဆိုင်ရာ အကြံဉာဏ်ရယူရေးအတွက် -

၁. (Yellow Pages ထဲမှ ‘Solicitors’ စာရင်းတွင် အမည်ပါရှိသော) ဒေသခံ ရှေ့နေ

၂. Victoria Legal Aid, မဲလ်ဘန်း၊ တယ်လီဖုန်းနံပါတ် 1300 792 387

၃. Law Institute of Victoria, တယ်လီဖုန်းနံပါတ် (03) 9607 9311

၄. Victorian Aboriginal Legal Service Co-op Ltd, တယ်လီဖုန်းနံပါတ် 1800 064 865

၅. Aboriginal Family Violence Prevention & Legal Service Victoria, တယ်လီဖုန်းနံပါတ် 1800 105 303

၆. ဒေသခံ လူမှုအဖွဲ့အစည်း တရားရေးဆိုင်ရာ ဝန်ဆောင်မှု အဖွဲ့အစည်းတစ်ခုခု တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပိုမိုသိလိုပါက သင့် Department of Health and Human Services ရုံးကို ဆက်သွယ်ပါ။

## ဆက်သွယ်ရမည့်သူ၏ အချက်အလက်များ

ကလေးသူငယ် ကာကွယ်စောင့်ရှောက်ပေးသူ ဝန်ထမ်း၏အမည်မှာ –

သူ၏ Department of Health and Human Services ရုံးမှာ -

သူ့အား ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ -

ဤစာစောင်ကို ဖွင့်ဖတ်နိုင်သော စီစဉ်ဖွဲ့စည်းမှုပုံစံဖြင့် ရလိုပါက cpmanual@dhhs.vic.gov.au သို့ အီးမေးလ် ပို့ပါ။

ဗစ်တိုးရီးယားပြည်နယ်အစိုးရ 1 Treasury Place, Melbourne က ခွင့်ပြုပြီး ထုတ်ဝေသည်။

© မူပိုင် ဗစ်တိုးရီးယားပြည်နယ် မတ်လ ၂၀၁၆ ခုနှစ်

www.cpmanual.vic.gov.au တွင် ရရှိနိုင်ပါသည်။